The Soortee Bara Bazar Municipalisation Act 1951.
(Act No XV of 1951)

# ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်းအက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၅။] ၁၅

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းသည်။

၁။ ။ဤအက်ဥပဒေသည် ချက်ခြင်း အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေ၌ပါရှိသည့်—

(၁) ကုမ္ပဏီဆိုသည်မှာ၊ ရန်ကုန်မြို့ စူရတီဘာရားဘဇားကုမ္ပဏီလီမိတက်ကိုဆိုလိုသည်။

(၂) ကော်ပိုရေးရှင်းဆိုသည်မှာ၊ ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၄ အရဖွဲ့စည်းထားသော၊ ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်းကိုဆိုလိုသည်။

၃။ ။ဤအက်ဥပဒေ ကိစ္စများအလို့ငှါ ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်း အက်ဥပဒေ ပုဒ်မ ၄၁၊ ပုဒ်မခွဲ (၃) သည်သက်ဆိုင်ခြင်းမရှိစေရ။

၄။ ။ဤအက်ဥပဒေစတင် အာဏာတည်သည့်နေ့မှတလအတွင်း၊ အောက်ပါကိစ္စများအလို့ငှါ ဥက္ကဋ္ဌတဦးနှင့် အဖွဲ့ဝင်နှစ်ဦး ပါဝင်သည့်ကော်မရှင်အဖွဲ့ကို၊ နိုင်ငံတော်သမ္မတကခန့်ရမည်။

(က) ကုမ္ပဏီထံမှ သိမ်းယူမည့်ပစ္စည်းများ၏ အကြောင်းအရာများကို သတ်မှတ်ဆုံးဖြတ်ရန်။

(ခ) ကုမ္ပဏီသို့ပေးသင့်သည့် တရားမျှတသောလျော်ကြေးငွေ၊ ကုမ္ပဏီမှ ကော်ပိုရေးရှင်းသို့ ပေးရန်ရှိသောကြွေးမြီများနှင့် ကော်ပိုရေးရှင်းမှ ကုမ္ပဏီသို့ပေးရန်ရှိသော ကြွေးမြီများကို သတ်မှတ်ဆုံးဖြတ်ရန်။

(ဂ) ပေးချေနည်းလမ်းများကို သတ်မှတ်ဆုံးဖြတ်ရန်။

၅။ ။ပုဒ်မ ၄ အရ၊ ပေးသင့်သည့်တရားမျှတသောလျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင် ကော်မရှင်အဖွဲ့က၊ ဤအက်ဥပဒေ စတင်အာဏာတည်သည့်နေ့တွင် သိမ်းယူရမည့်ပစ္စည်း၏ ကာလတန်ဘိုးကို၊ သို့တည်းမဟုတ် ထိုနေ့အထိကုမ္ပဏီ၌ ထိုပစ္စည်းအပေါ်တွင်ကုန်ကျသည့်ငွေကို တရားမျှတမည်ထင်မြင်သည့်အတိုင်း၊ ထည့်သွင်းစဉ်းစားရမည်။

ခြွင်းချက်။ ။သို့ရာတွင် အဆောက်အဦတခု၏တန်ဘိုးကိုသတ်မှတ်ဆုံးဖြတ်ရာတွင်၊ ထိုအဆောက်အဦကို ဆောက်လုပ်စဉ်ကကုန်ကျငွေမှ၊ ဤအက်ဥပဒေ အာဏာတည်သည့်နေ့ထိ ကုန်လွန်ခဲ့သောနှစ်များအတွက် တနှစ်လျှင် ၃ ရာခိုင်နှုန်းကျ နုတ်ပယ်၍၊ ကျန်သောငွေနှင့် ညီမျှသောတန်ဘိုးအတိုင်းသတ်မှတ်စေရမည်။

Price,—One anna]

၆။ ။ပေးသင့်သည့်တရားမျှတသောလျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင် ကော်မရှင်အဖွဲ့သည်၊ တရားမကျင့်ထုံးဥပဒေ၊ သို့တည်းမဟုတ် အခြားဥပဒေ တခုခုကို လိုက်နာရန်မလိုအပ်စေရ။ သို့ရာတွင် ထိုကော်မရှင်အဖွဲ့သည်၊ တရားမျှတစွာ ဆောင်ရွက်ရမည်။

၇။ ။ပေးသင့်သည့်လျော်ကြေးနှင့်စပ်လျဉ်း၍၊ကော်မရှင်အဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်ကို ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုခြင်းရာနှင့်ဖြစ်စေ၊ ကော်ပိုရေးရှင်းသည်၊ သို့တည်းမဟုတ် ကုမ္ပဏီသည် တရားလွှတ်တော်ချုပ်သို့အယူခံနိုင်သည်။

၈။ ။(၁) ကော်မရှင်အဖွဲ့သည်၊ အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍၊ တရားမကျင့်ထုံးဥပဒေအရ၊တရားရုံးသို့အပ်နှင်းထားသောအာဏာများရရှိရမည်။

(က) ရှာဖွေခြင်းနှင့် စစ်ဆေးကြည့်ရှုခြင်း၊

(ခ) ကော်မရှင်အဖွဲ့သို့တက်ရောက်ရန်သက်သေများကို ဆင့်ဆိုခြင်းနှင့် ကရားစရိတ်များကို ဝေးသွင်းသွားစေခြင်း၊

(ဂ) စာချုပ်စာတမ်းများကို ထုတ်ဖော်တင်ပြအောင်ပြုခြင်း၊

(ဃ) သက်သေများကိုကျမ်းသစ္စာကျိန်စေ၍စစ်ဆေးခြင်း၊

(င) ရွှေ့ဆိုင်းခွင့်ပေးခြင်း၊

(စ) ကျမ်းကျိန်လွှာဖြင့် ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း၊

(ဆ) သက်သေများကိုစစ်ဆေးရန်အာဏာလွှဲအမိန့်များကိုထုတ်ခြင်းနှင့်

ကော်မရှင်အဖွဲ့ကို၊ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏ သဘောအတွင်း၌ သက်ဝင်နေသည့်တရားမရုံးဟူ၍ မှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များ ထင်မြင်ယူဆချက် ကွဲလွဲသည့်အခါ၊ ထိုကော်မရှင်အဖွဲ့ဝင် များရာ၏ထင်မြင်ယူဆချက်သည် အတည်ဖြစ်ရမည်။

(၃) ကော်မရှင်အဖွဲ့ဝင်တယောက်သည်၊ ကော်မရှင်အဖွဲ့ဝင်အဖြစ် ဆက်လက်မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော်သမတသည်၊ ထိုအဖွဲ့ဝင်အစား အခြားသူတယောက်ကိုခန့်ထားရမည်။ ကော်မရှင်အဖွဲ့သည် မိမိတို့၏ဆောင်ရွက်မှုကို ကော်မရှင်အဖွဲ့ စတင်ဖွဲ့စည်းစဉ်ကပင် ထိုသူအားအဖွဲ့ဝင်ခန့်ထားဘိသကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်။

G.U.B.C.P.O.—No. 140, Min. of J.A., 25-5-51—2,000—II.